ပို့ကလျန်းဝေ

မေ့အချစ်ကပိုလို့သာ

(၁)

"လေးလေးကျော်ရေ၊ လေးလေးကျော်"

အသားအရေ မဖြူမည်ကြီ သေးသေးသွယ်သွယ် မိန်းမလှလေးက ဝမ်းသာမြူးထူးသော အသံနှင့်ခေါ်ရင်း ပျဉ်ထောင်အိမ် သေးသေးလေးထဲသို့ ပြေးဝင်ခဲ့သည် ။

အသက်ခြောက်ဆယ်ကျော်အရွယ် အသားညိုညို၊ ကိုယ်လက်တုတ်ခိုင်သောလူကြီးက မိန်းကလေးကို ဆီးကြိုသည် ။

"ချစ်မိုးလေးရယ်၊ ဘာတွေများ ဒါလောက် ဝမ်းသာလာရတာလဲ"

"ချစ်မိုး အလုပ်ရပြီ လေးလေးကျော်ရယ်၊ ရန်ကုန်မှာ သွားလုပ်ရမှာသိလား၊ ချမ်းသာတဲ့ မုဆိုးမလူနာကို နှစ်ပတ်လောက် ကြည့်ပေးရမှာတဲ့ "

စောစောက ကြည်လင်နေသော လေးလေးကျော်ဆိုသည့် ဦးကျော်သောင်းရဲ့ မျက်နှာက မှိုင်ကျသွားသည် ။

"ရန်ကုန်မှာ တဲ့ လားကွယ်"

"ဟုတ်တယ်...ဘာပြုလို့ လဲ လေးလေးကျော်ရယ်"

"ဒါနဲ့ ချစ်မိုးလေးက အလုပ်ရတာ ဘယ်လိုသိတာလဲ"

"ဟိုဘက်အိမ်ရဲ့ ဖုန်းနံပါတ်ကို ရန်ကုန်က ချစ်မိုးရဲ့ သူငယ်ချင်းကို

ပေးထားတာလေ၊ သူက အလုပ်စုံစမ်းပြီး ခုရလို့ ဆက်တာ၊ သန်ဘက်ခါ ကို အရောက်သွားရမှာ လေးလေးကျော်ရယ်"

"အင်း...အဝေးကြီးကို သွားရမှာ ပါလားကွယ်"

"ပြည်နဲ့ ရန်ကုန် ဘာဝေးတာလိုက်လို့ လေးလေးကျော်ရယ်၊ ခုအချိန်မှာ ချစ်မိုးတို့ က အလုပ်ရွေးလို့ မရဘူးလေ၊ ရတာ လုပ်ရမှာ ပေါ့"

"အင်းလေ...ဟုတ်ပါရဲ့ ၊ ဒါပေမဲ့ ကလေးကို ဘာမှ မလုပ်စေချင်ဘူး၊ လေးလေးကျော်ပဲ ရှာကျွေးချင်တယ်"

စိတ်မကောင်းစွာ ရှိနေသော ဦးကျော်သောင်းကို ချစ်မိုးဆွေက ကြင်နာသောအကြည့်တွေနှင့် ကြည့်သည် ။

"လေးလေးကျော် လုပ်ကျွေးခဲ့တာ ကြာပြီပဲ၊ ခုလို လေးလေးကျော် အသက်ကြီးလာတဲ့ အချိန်မှာ ချစ်မိုးက တစ်လှည့် လုပ်ကျွေးချင်တယ်"

"ကလေးရဲ့ လုပ်စာကို လေးလေး မစားရက်ပါဘူး"

"အဲဒါတော့ လေးလေး မတရားတာ၊ ချစ်မိုးလဲ လေးလေးကျော်ကိုရှာကျွေးပြီး ကုသိုလ်ယူချင်တာ ချစ်မိုးကုသိုလ်ရမှာ ကို မကြိုက်တာ မတရားဘူးပေါ့"

"ကလေးရယ်"

ချစ်မိုးဆွေရဲ့ စေတနာ မေတ္တာကိုသိရပြီး ဦးကျော်သောင်း ပီတိဖြစ်သလို ချစ်မိုးဆွေကို သနားနေမိပြန်သည် ။

မျက်ဝန်းမွဲခြောက်ခြောက်များမှာ မျက်ရည်ကြည်များ ဝေ့နေသည် ။

"ချစ်မိုးအနေနဲ့ အလုပ်ကို ရွေးလို့ မဖြစ်ဘူးလေ။ သူနာပြုသင်တန်းကလဲ ဆုံးခဲ့တာမှ မဟုတ်ဘဲ၊ ခုလို အလုပ်ရတာပဲ ကျေးဇူးတင်ရဦးမယ်၊

ချစ်မိုးက အဲဒီသူနာပြုအလုပ်ကလွဲပြီး ကျန်တာလဲ စိတ်မဝင်စားဘူး မဟုတ်လား"

"ကောင်းပါပြီကွယ် ချစ်မိုးလေး စိတ်ချမ်းသာသလို လုပ်ပါ"

"ချစ်မိုးလေ၊ ရတဲ့ လုပ်ခကို ချွေချွေတာတာသုံးပြီး လေးလေးကျော်ဆီကို ပို့ပေးမယ်နော်"

"လေးလေးကျော် မယူရက်ပါဘူးကွယ်"

"လေးလေးကျော် မငြင်းနဲ့ လေ၊ ချစ်မိုး စိတ်ချမ်းသာအောင် ချစ်မိုးအလိုကို လိုက်နော်"

"ကောင်းပါပြီကွယ်"

"ဒါဆို ချစ်မိုး ခရီးသွားဖို့ ပြင်ဆင်လိုက်ဦးမယ်၊ ကားလက်မှတ်ကတော့ မနက်ဖြန်မှ ပဲ ကြိုစီစဉ်မယ်လေ၊ တစ်ရက် ကြိုစီစဉ်ရင် ရတာပဲ"

"လေးလေးကျော် ကားလက်မှတ် သွားလုပ်ပေးပါ့မယ်ကွယ်"

ချစ်မိုးဆွေက သူမရဲ့ အခန်းကျဉ်းကျဉ်းလေးထဲသို့ ဝင်ပြီး ခရီးသွားလာရေးအတွက် မများ ပြားလှသော အဝတ်အစားတွေထဲမှ ကောင်းနိုးရာရာများကို ရွေးသည် ။ နှစ်စုံတည်းသော သူနာပြုဝတ်စုံလေးကိုလည်း သပ်ရပ်ပြန့်ယန့်နေအောင် မီးပူတိုက်လိုက်သည် ။ ခရီးဆောင်အိတ်ကို ပြင်ဆင်နေသည် ။

******

ချစ်မိုးဆွေက ခရီးထွက်ခါနီး ဦးကျော်သောင်းကို ကန်တော့ရင်းနှင့် ရင်ထဲမှာ ကျဉ်ခနဲ ခံစားလိုက်ရသည် ။ သူမကိုခွဲခွာရမည်မို့ ဦးကျော်

သောင်းရဲ့ မျက်နှာက လွန်စွာ ထိခိုက်ညိုးလျှနေသည် လေ။

"လေးလေးကျော်ရယ်၊ ခုလို ချစ်မိုးလဲ မခွဲချင်ပါဘူး၊ ဒါပေမဲ့ ဝမ်းစာရေးအတွက် မဟုတ်လား၊ မကြာခင်လေ လေးလေးကျော်နဲ့ ချစ်မိုးတို့ အတူနေနိုင်အောင် ကြိုးစားမယ်နော်"

"အေးပါ ကလေးရယ်"

ပဲခူးတိုင်း သမဝါယမကားက စျေးသက်သာသဖြင့် ထိုကားဖြင့် ရန်ကုန်သို့ ချစ်မိုးဆွေ လိုက်ပါလာသည် ။ ဦးကျော်သောင်းနှင့် ခွဲခွာရသည့်အတွက် စိတ်မကောင်းခြင်းဖြစ်သလို လုပ်ငန်းခွင်သို့ ဝင်ရတော့မည့်အတွက် ဝမ်းသာကျေနပ်နေသည် ။

လမ်းဘေးမှ တရိပ်ရိပ်ပြေးလွှားနေသော ရှုခင်းများကိုကြည့်ရင်းနှင့် အတွေးတွေ တောင်ရောက်မြောက်ရောက် ဦးတည်ရာမဲ့နေသည် ။

ဦးကျော်သောင်းရဲ့ ကျေးဇူးတရားတွေကို ပြန်လည်သတိရသလို ဆုံးပါးသွားရှာသော မိခင်ကြီးကိုလည်း တမ်းတလွမ်းဆွတ်မိသည် ။

သွေးသားတစ်စက်လေးမျှ မတော်စပ်သော်လည်း သူမတို့ သားအမိ အပေါ်တွင် စေတနာရင်းခံ ဖြူစင်သောမေတ္တာနှင့် လုပ်ကျွေးခဲ့သော ဦးကျော်သောင်းရဲ့ ကျေးဇူးတရားတွေကလည်း မနည်းလှပါ။

ဝမ်းနည်းကြေကွဲစရာကောင်းသော အတိတ်ရဲ့ အကြောင်းတွေကို တွေးရင်း မျက်ဝန်းလေးကို မှ ိတ်ချလိုက်သော်လည်း အတိတ်ရဲ့ အကြောင်းအရာများက ပျောက်ကွယ်မသွားပါ။ ရင်ထဲမှာ တမြည့်မြည့် လောင်ကျွမ်းနေဆဲပါလား။

"ငါ့ဘဝက ဘာလို့ များ ဒါလောက်တောင် ရုပ်ဆိုးအကျည်းတန်နေရပါလိမ့်"

တွေးရင်း ငေးရင်းနှင့် စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်အတွင်းသို့ ဟီးနိုးကားကြီး ကွေ့ဝင်လိုက်ပြီ။ ခရီးလမ်းဆုံသို့ရောက်ပြီမို့ ကားပေါ်မှ ဆင်းရန် ချစ်မိုးဆွေက ပြင်ဆင်သည် ။

******

(၂)

ချစ်မိုးဆွေ သွားရမည့်လိပ်စာကို အေးသူက ပေးခဲ့ပြီးသားမို့ ထိုလိပ်စာသို့ တန်းသွားရန် စိတ်ကူးထားသည် ။ ကားပေါ်မှ ဆင်းစဉ် အလုအယက် အနားသို့ရောက်လာသော အငှားကားသမားများကို ချစ်မိုးဆွေ တွေ့ရသည် ။ ၎င်းတို့ အထဲမှ ကားတစ်စီးစီကို ငှားပြီးသွားရန် စိတ်ကူးနေစဉ် တရင်းတနှီးခေါ်သံကို ကြားရသည် ။

"ဟဲ့...ချစ်မိုး"

"ဟာ...အေးသူ"

သူငယ်ချင်းဖြစ်သူ အေးသူကိုတွေ့လိုက်ရတော့ လွန်စွာ ဝမ်းသာသွားသည် ။

"အေးသူကိုယ်တိုင် လာကြိုတာကိုး"

"ဟုတ်တယ်၊ သူငယ်ချင်းတစ်ယောက်နဲ့ ဂျူတီချိန်းပြီး ချစ်မိုးကို လာကြိုတာလေ"

"ဝမ်းသာလိုက်တာ အေးသူရယ်"

သူငယ်ချင်းအေးသူရဲ့ ပခုံးကို တင်းတင်းဖက်ပြီး ဝမ်းသာအားရနှင့် ချစ်မိုးဆွေက ပြောသည် ။

"ကဲ...လာ အငှားကားနဲ့ ပဲ သွားကြမယ်"

အေးသူက သူမ ကြိုတင်ငှားထားသော အငှားကားဆီသို့ ချစ်မိုးဆွေ၏ လက်မောင်းအား ဖက်တွယ်ပြီး ခေါ်ခဲ့သည် ။

"ချစ်မိုးသွားရမယ့်အိမ်ကိုပဲ တိုက်ရိုက်လိုက်ပို့ပေးမယ် သိလား"

"ကောင်းပါပြီ အေးသူရယ်"

သူနာပြုသင်တန်းကို အတူတက်ခဲ့စဉ် ညီအစ်မအရင်းတမျှ ရင်းနှီးချစ်ခင်ခဲ့ရသော အေးသူကို ကျေးဇူးတင်သောမျက်ဝန်းများ နှင့် ချစ်မိုးဆွေက ကြည့်လိုက်သည် ။

"အေးသူကတော့ အလုပ်အကိုင်အတိအကျနဲ့ ဟန်ကျနေပြီနော်"

"အင်း...ဆေးရုံကြီးမှာ ပဲလေ၊ ဒီလိုပဲပေါ့ ချစ်မိုးရယ်၊ ခုလဲ ချစ်မိုးဘာမှ အားမငယ်နဲ့ ၊ ချစ်မိုးမှာ အရည်အချင်းတွေရှိသားပဲ၊ သင်တန်းမပြီးဆုံးခဲ့ပေမယ့် ချစ်မိုးဟာ တော်တဲ့ သူနာပြုတစ်ယောက်ဆိုတာ သုံးကြည့်ရင် သိကြမှာ ပါ"

"အေးသူလိုသာ သင်တန်းပြီးခဲ့ရင် ဘယ်လောက်ကောင်းမလဲနော်"

"ရ န် ကု နှ် မှာ ချစ်မိုးအတွက် အလုပ်မရှားဘူးဆိုတာ ချစ်မိုးတဖြည်းဖြည်း သိလာမှာ ပါ"

"လေးလေးကျော်ကိုတစ်လှည့် ချစ်မိုး ပြန်ပြီးလုပ်ကျွေးချင်တယ်"

"ဖြစ်လာမှာ ပေါ့ကွာ"

ညှိုးငယ်အားငယ်နေသော ချစ်မိုးဆွေ၏ လက်ကလေးကို ဖျစ်ညှစ်ပြီး အေးသူက အားပေးလိုက်သည် ။ ရန်ကုန်မြို့ကို သိပ်ပြီး ကျွမ်းကျွမ်းကျင်ကျင်မရှိသော ချစ်မိုးဆွေက ကားဘယ်ဆီဘယ်နေရာသို့သွားနေသည် ကို မခန့်မှန်းတတ်အောင် ရှိ

နေသည် ။

"ခု ချစ်မိုးက ဘယ်ကိုသွားရမှာ လဲဟင်"

"အင်းလျားလမ်းက သူ့ဌေးအိမ်တစ်အိမ်ကိုပေါ့၊ ငါကြည့်ရတဲ့ လူနာနဲ့ ပတ်သက်ပြီး ရင်းနှီးသွားတယ်၊ စကားစပ်မိရာကနေ ချစ်မိုးအတွက် အခွင့်အရေး ရလိုက်တာပဲ၊ ရန်ကုန်မှာ လဲ သူနာပြုတွေပေါပါတယ်၊ ဒါပေမဲ့ ချစ်မိုးအကြောင်း ပြောပြတော့ သူက ဌားချင်တယ် ဖြစ်သွားတာလေ"

"ခုလို ကူညီတဲ့ ကျေးဇူးကို ချစ်မိုး ဘယ်တော့မှ မမေ့ပါဘူး အေးသူရယ်"

"ချစ်မိုးနဲ့ တို့ ကြားမှာ ဒီစကားက ပြောစရာလားဟယ်..."

သူငယ်ချင်းကို ကျေးဇူးတင်သော အပြုံးများ နှင့် ချစ်မိုးဆွေက ပြုံးသည် ။ အင်းလျားလမ်းကို ကားက ရောက်နေပြီ။ ခြံဝန်းတစ်ခြံထဲသို့ အေးသူက ကွေ့ဝင်ခိုင်းသည် ။

"ရောက်ပြီ ချစ်မိုးရေ"

ကားခကိုရှင်းပြီး ကားပေါ်မှ ဆင်းကြသည် ။ ကြီးမားသော နှစ်ထပ်တိုက်ကြီးရဲ့ ဆင်ဝင်အောက်သို့ ဝင်ခဲ့ကြသည် ။ လူခေါ် ခေါင်းလောင်းကို တီးလိုက်သည် ။

မကြာခင်မှာ ပဲ သံပန်းတံခါးကို လာရောက်ဖွင့်ပေးပြီး မေးမြန်းခြင်းကိုခံရကာ အိမ်ထဲသို့ ဝင်ခွင့်ရသည် ။

"ဒေါ်မာလာနဲ့ တွေ့ရအောင် လိုက်ခဲ့ပါ"

အိမ်ကြီးရဲ့ အောက်ထပ်မှာ ရှိနေသော အခန်းတစ်ခန်းတွင်းသို့ ခေါ်

သွားသည် ။ ကျယ်ဝန်းသန့်ပြန့်ခမ်းနားသော အိပ်ခန်းတွင်းသို့ ရောက်ခဲ့ကြသည် ။

"အန်တီမာလာ၊ ဒီမှာ ချစ်မိုးဆွေပါ၊ ကားဂိတ်ကနေ တစ်ခါတည်း ကျွန်မသွားကြိုခဲ့ပါတယ်"

"ဟုတ်လား..ဟန်ကျလိုက်တာကွယ်၊ ဒီနေ့ ညနေပဲ ဒေါက်တာသက်နိုင်ဦးက လာမှာ ကွယ့်"

အသက်လေးဆယ်ကျော်အရွယ်၊ နုပျိုလှပနေဆဲဖြစ်သော်လည်း ရောဂါဝေဒနာတစ်ခုကို ဒေါ်မာလာခံစားနေရသည် ကို ကြည့်ရုံနှင့် ချစ်မိုးဆွေက သိနေသည် ။

"ချစ်မိုးဆွေက ငယ်ငယ်ပဲ ရှိသေးတာကိုး"

"နှစ်ဆယ့်သုံးနှစ်ရှိပါပြီ"

"ဟိုဘက်ကအခန်းကို အန်တီပြင်ခိုင်းထားတယ်။ အလိုရှိရင် နီးနီးနားနား ပြေးလာလို့ ရတာပေါ့"

"အဆင်ပြေပါတယ် အန်တီ"

"ကဲ..အခန်းမှာ ခဏသွားနားပါဦး၊ ပြီးမှ လာခဲ့ပေါ့ကွယ်"

"ဟုတ်ကဲ့"

ဒေါ်မာလာရဲ့ အခန်းထဲမှ ထွက်ခဲ့ကြသည် ။ အိမ်ဖော်အမျိုးသမီးကြီးက သူမနေရမည့် အခန်းကို ပြသသည် ။

"လိုအပ်တာရှိရင် ပြောပါ၊ ဒေါ်မွေးလုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ချစ်မိုးဆွေနေရမည့်အခန်းသို့ နှစ်ယောက်သား ဝင်ခဲ့ကြသည် ။ အခ

နှ်းလေးကို နှစ်ဦးစလုံး ဝေ့ဝဲကြည့်လိုက်သည် ။

ဒေါ်မာလာရဲ့ အခန်းလောက် သားနားထည်ဝါခြင်းမရှိသော်လည်း ပြည့်စုံနေသည် ကို တွေ့ရသည် ။

"မဆိုးဘူး၊ ရေချိုးခန်း အိမ်သာလဲ တွဲရက်ဆိုတော့ ဟန်ကျတာပေါ့"

"ဟုတ်တယ်နော်"

"ရမယ့် နေ့တွက်ရော..မမေးတော့ဘူးလား ချစ်မိုးရယ်..."

"ဟုတ်သားပဲ"

သူငယ်ချင်းရဲ့ အဖြစ်ကိုကြည့်ပြီး အေးသူက ရယ်မောလိုက်သည် ။

"ဒီမှာ ပဲ စားသောက်ရမယ်၊ ပြီးတော့ တစ်နေ့လုံးအတွက် သုံးရာလေ"

"ဟာ..ဟန်ကျလိုက်တာ"

နှစ်ပတ် သုံးပတ်တော့ ချစ်မိုးအတွက် အလုပ်ရှိနေလိမ့်မယ်"

"ဒီကပြီးတော့လဲ နောက်အလုပ်တစ်ခု ရှာရမှာ ပေါ့နော်..."

"အေးသူ တာဝန်ထားပါ ချစ်မိုးရယ်...၊ နင် နေ့ခက နေ့ည စပါယ်ရှယ်နပ်(စ်)ဌားတာထက် သက်သာတော့ ဌားကြမှာ ပါ"

"အေးလေ အဲလိုပဲဖြစ်ပါစေလို့ မျှော်လင့်ရမှာ ပဲ"

"ကဲ...ခရီးပန်းလာတယ်၊ ချစ်မိုး နားလိုက်ဦး၊ ငါ သွားလိုက်ဦးမယ်၊ လိုအပ်ရင်လဲ ဆေးရုံကို ဖုန်းဆက်၊ နံပါတ်ပေးခဲ့မယ်"

"ကောင်းပါပြီ...အေးသူရယ်"

အေးသူကို ခြံဝအထိ လိုက်ပို့ရင်း မကြာခဏ သူမထံလာလည်ရန်

မှာ လိုက်သေးသည် ။

"စိတ်ချပါ၊ အားတာနဲ့ နင့်ဆီလာခဲ့မယ်"

ကယ်တင်ရှင်၊ ကျေးဇူးရှင်မလေးကိုလိုက်ပို့ပြီး အခန်းထဲသို့ ပြန်ဝင်သည် ။ အဝတ်အစား လဲပြီး ခဏနားနေသည် ။ ဒေါ်မွေးက စားသောက်ဖွယ်ရာများ လာပို့သည် ။

"လမ်းမှာ ထမင်းစားခဲ့တယ်ဆိုပေမယ့် ဆာနေမှာ ပေါ့၊ မုန့်နဲ့ အအေး သောက်လိုက်ပါဦးမယ်"

အလိုက်သိသော ဒေါ်မွေးကို ကျေးဇူးတင်လိုက်သည် ။ ဝမ်းထဲမှာ လည်း ဟာနေသည် မို့ လာပေးသော အချိုရည်နှင့် ကိတ်မုန့်ကို စားလိုက်သည် ။ ကိတ်မုန့်နှစ်ချပ် အချိုရည်တစ်ဘူးနှင့် ဗိုက်ထဲမှာ နေသာထိုင်သာ ရှိသွားသည် ။

စားသောက်ပြီး မနှားတော့ဘဲ ဒေါ်မာလာရဲ့ အခန်းသို့ ကူးလာခဲ့သည် ။ ဒေါ်မာလာက မှီနှီးနေ၍ ငြိမ်သက်စွာပင် နိုးလာသည် အထိ ထိုင်စောင့်နေသည် ။

ဗိုက်ကို လက်ဝါးဖြင့် သာသာလေးဖိရင်း မျက်နှာရှုံ့မဲ့စွာနှင့် ဒေါ်မာလာက မျက်လုံး ဖွင့်လာသည် ။

"ဟော..ချစ်မိုးဆွေက ထိုင်စောင့်နေတာကိုး"

"ဟုတ်ကဲ့၊ ဗိုက်နာလို့ လားဟင်"

"အေးကွယ်...အဲဒီ စားပွဲပေါ်မှာ ဆေးပြားလေးရှိတယ်၊ ယူပေးပါဦး"

"ဆေးကို ဒီအတိုင်းသောက်လို့ မကောင်းဘူး၊ တစ်ခုခုနဲ့ သောက်ပါ လားဟင်"

"ဒေါကတာသက်နိုင်ဦးက နို့ကိုပဲ များများ သောက်ခိုင်းထားတယ်"

"ဒါဆို၊ ချစ်မိုးသွားယူလိုက်ဦးမယ်"

ဒေါ်မွေးရှိနေသော မီးဖိုဆောင်ဆီသို့ ချစ်မိုးဆွေထွက်လာသည် ။ ဒေါ်မွေးထံမှ နို့အေးတစ်ခွက်ကို ကျနစ္စာ ပန်းကန်ပြားနှင့် လင်ပန်းထဲထည့် လက်သုတ်ပဝါကို ပန်းကန်ပြားနှင့် ထည့်ပြီး ယူလာသည် ။ ချစ်မိုးဆွေရဲ့ လုပ်ကိုင်ပုံကိုကြည့်ပြီး ဒေါ်မွေးက သဘောကျနေသည် ။

ဒေါ်မာလာအား အနာပျောက်ဆေးကို နို့နှင့်တိုက်ပြီး ခဏနားစေသည် ။ တစ်နာရီခန့် ကြာတော့ ဒေါ်မာလာ လုံးဝ သက်သာသွားပြီ။ ဒေါ်မာလာအား ရေချိုးပြီး ပြင်ဆင်ပေးသည် ။ ညနေမှာ ဆရာဝန်က လာကြည့်မှာ ကို ချစ်မိုးဆွေက သိနှင့်ပြီးပြီလေ။

လူမမာရဲ့ အိပ်ရာကို သန့်ရှင်းအောင် အိပ်ရာခင်း၊ ခေါင်းအုံးစွပ်ကအစ အသစ်လဲလှယ်ပြီး သပ်ရပ်စွာ ခင်းကျင်းသည် ။ အခန်းကိုလည်း သန့်ရှင်းအောင် လှည်းကျင်းပြီး ရှိနေသော ပစ္စည်းတွေကို ကြည့်ကောင်းအောင် စီရင်သည် ။

ပြီး ဒေါ်မာလာရဲ့ ခုတင်အနားရှိ လွတ်နေသော ပန်းအိုးမှာ လည်း ခြံထဲမှ နှင်းဆီပန်းအချို့ကို ခူးပြီး ပန်းအိုးထိုးသည် ။

တရစပ် စနစ်တကျ လုပ်ကိုင်ပုံကို ဒေါ်မာလာက ကျေနပ်စွာ ကြည့်နေသည် ။

"ချစ်မိုးဆွေလေး ရောက်လာမှ ပဲ အခန်းထဲကိုရှင်းပြီး မျက်စိကိုအေးသွားတာပဲ၊ ဒေါ်မွေးတစ်ယောက်တည်း အလုပ်ကလဲ မနိုင်ဘူး မဟုတ်လား"

"လိုအပ်တာရှိရင် ပြောပါ အန်တီမာလာ၊ ချစ်မိုး လုပ်ပေးပါ့မယ်"

"အေးပါကွယ်..."

သင်တန်းမတက်ရတော့သည့်နောက်ပိုင်းမှာ ပထမဦးဆုံး ရလိုက်သော အလုပ်အတွက် ချစ်မိုးဆွေက အစွမ်းကုန် ကြိုးစားနေသည် ။

အောင်လက်မှတ်တစ်ခုကို မရရှိသော်လည်း သွက်လက်ချက်ချာသော သူမရဲ့ အရည်အချင်းများကို ချစ်မိုးဆွေက ထုတ်သုံးလိုက်ခြင်းပါ။

ဒေါ်မာလာရဲ့ ဝေယျာဝစ္စများ ပြီးသွားမှ အခန်းပြန်ပြီး ရေမိုးချိုးကာ ပြင်ဆင်လိုက်သည် ။ ညနေ ငါးနာရီတွင် ဒေါက်တာ သက်နိုင်ဦး ရောက်လာမည်ဆို၍ အရန်သင့်ပြီးစီးအောင်လုပ်ပြီး စောင့်နေကြသည် ။

ဒေါ်မာလာသည် သူ့ရဲ့ သဘောကျ မိမိကိုဌားရမ်းထားသည် ကို ဒေါက်တာသက်နိုင်ဦးဆိုသော အထူးကုပါရဂူကြီး သဘောကျပဲ့မလားလို့ ပူပူပန်ပန်လေး တွေးနေသည် ။

******

(၃)

ညနေ ငါးနာရီတိတိမှာ ပဲ ချစ်မိုးဆွေ စိုးရိမ်တကြီး စောင့်မျှော်နေသော ဒေါက်တာသက်နိုင်ဦး ရောက်လာပါပြီ။ ဒေါ်မွေးက ဆရာဝန် ရောက်လာသည့်အကြောင်းကို ဒေါ်မာလာအား ကြိုတင်ပြီး ဝင်ရောက်ကာ ပြောသည် ။

"ဒေါက်တာ့ကို ဒီအခန်းထဲပဲ ခေါ်ခဲ့ပါ ဒေါ်မွေး"

"ဟုတ်ကဲ့..."

အခန်းဝမှ နေ ချစ်မိုးဆွေက ကြိုဆိုလိုက်သည် ။ ဒေါ်မွေးရဲ့ လက်ထဲမှ ဆေးသေတ္တာကို လှမ်းယူလိုက်သည် ။ တစ်ပြိုင်တည်းမှာ ပဲ အကြည့်ကို ဒေါက်တာသက်နိုင်ဦးရဲ့ မျက်နှာဆီသို့ ပို့လိုက်သည် ။

"ဟင်..."

အံ့သြမှု င်တက်မှု သံစဉ်လေး ရင်ထဲမှာ ကျယ်ကျယ်လောင်လောင်ပင် မြည်ဟည်းသွားသည် ။ မျက်လုံးဝိုင်းလေးနှင့် ကြည့်ရင်းမှ အပြေးအလွှား မျက်လွှာချလိုက်သည် ။

စူးရှသော မျက်ဝန်းတည်တည်ရဲ့ အကြည့်ကို စက္ကန့်ပိုင်းခန့် ခံစားရပြီး ကတုန်ကယင်ပင် ဖြစ်သွားသည် ။

"ငါထင်သားပဲ၊ ဒေါက်တာ သက်နိုင်ဦး ဆိုတာ အဘိုးကြီးမှ မဟုတ်

သေးဘဲ၊ ရှိလှ အသက်သုံးဆယ်ဝန်းကျင်ပေါ့၊ ရုပ်ရည်ကလဲ ချောလိုက်တာဟယ်"

မှန်ပါသည် ။ ဒေါက်တာ သက်နိုင်ဦးသည် အသားလတ်လတ်၊ ကိုယ်လုံးကျစ်ကျစ်၊ အရပ်မြင့်မြင့်နှင့် မင်းသားတစ်ယောက်ရဲ့ ဟန်ပန်မျိုးရှိနေလေသည် လေ။

ဒေါ်မာလာအနားသို့သွားပြီး ဒေါ်မာလာအား မေးမြန်းစမ်းသပ်သည် ။ ဒေါ်မာလာရဲ့ စကားအား ဂရုတစိုက်အလေးထားပြီး သူ နားထောင်နေသည် ။ ခံစားနေရသောဝေဒနာကို ဒေါ်မာလာကလည်း အလုံးစုံ ဖွင့်အံနေသည် ။

"ကျွန်မကိုပြုစုဖို့ ဒီဆရာမလေး ချစ်မိုးဆွေကို ငှားထားလိုက်ပြီ ဒေါက်တာ"

"ဒေါ်မာလာ စိတ်ချမ်းသာသလို လုပ်ပါ"

ချစ်မိုးဆွေထံသို့ အကြည့်တစ်ချက် ရောက် လာပြီးနောက် ဒေါက်တာ သက်နိုင်ဦးက မှာ စရာရှိသည် များကို မှာ သည် ။

"ဆရာမလုပ်ရမယ့် အလုပ်တွေကို ကျွန်တော် မှာ ခဲ့မယ်"

"ဟုတ်ကဲ့ပါ..ဆရာကြီး"

"ဒေါ်မာလာကို ညဆယ်နာရီနောက်ပိုင်း ဘာမှ မကျွေးပါနဲ့ ၊ ရေလဲ မတိုက်ပါနဲ့ ၊ မနက်ကို ဂက်(စ်)တိုစတိုဖီလုပ်ရမယ်၊ အဲဒါ ကျွန်တော့်ရဲ့ ဆေးရုံကို မနက်ခုနစ်နာရီအရောက် လာစေချင်တယ်၊ သွေးစစ်ဖို့ လဲ လိုအပ်တာတွေ လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

"ကဲ...ဒေါ်မာလာ၊ ဘာမှ စိတ်မပူပါနဲ့ ၊ လိုအပ်တာတွေကို တစ်ရက်နှစ်ရက်အတွင်းမှာ ပြီးစီးအောင် လုပ်ပေးပြီးမှ ခွဲစိတ်ကုသဖို့ လုပ်ကြတာပေါ့"

"ဟုတ်ကဲ့ပါ...ဒေါက်တာ"

ဆေးအိတ်ကိုပိတ်ကာ ထိုင်ရာမှ ထပြီမို့ ချစ်မိုးဆွေက ဆေးအိတ်ကို လှမ်းယူလိုက်ရသည် ။ ဒေါ်မာလာကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်ခွာသွားသော ဒေါက်တာသက်နိုင်ဦးနောက်မှ လိုက်လာခဲ့ရသည် ။

"ဆရာမက ဘယ်ဆေးရုံမှာ တာဝန်ကျနေတာလဲ"

အမှတ်မထင် သူ့ထံမှ အမေးစကားကြောင့် ချစ်မိုးဆွေက လန့်သွားသည် ။ အထစ်ထစ်အငေါ့ ငေါ့နှင့် ပြန်ဖြေသည် ။

"နပ်(စ်) ထရိန်နင်ကို့(စ်)ကို ကျွန်မ မပြီးခဲ့ပါဘူး ဆရာကြီး၊ ဒါကြောင့် ဘယ်ဆေးရုံမှ လဲ မဝင်နိုင်ခဲ့ပါဘူး၊ ခုကော့(စ်)က ဒေါ်မာလာက ကြည်ကြည်ဖြူဖြူ ငှားလိုက်လို့ ကျွန်မ အလုပ်ရလိုက်တဲ့ သဘောပါ"

"ဒီလို လူနာကြည့်ဖို့ ပြုစုဖို့ လောက်က သင်တန်းမပြီးလဲ ရပါတယ်၊ အဓိက အရည်အချင်းပဲပေါ့"

ခပ်တည်တည်ကြီးပြောပြီး သူ့ရဲ့ ကားထဲသို့ လှည့်ဝင်သွားသည် ။ အလွန်တည်သော မျက်ဝန်းကြောင့် ချစ်မိုးဆွေရဲ့ ကိုယ်လေး ကျုံ့သွားမတတ် ခံစားလိုက်ရသည် ။

ချစ်မိုးဆွေရဲ့ ရှေ့မှ နေ မာစီဒီး ကားနက်ပြာကြီး လျှောခနဲ မောင်းထွက်သွားသည် ။ နှုတ်ဆက်သွားဖော်ပင် မရပါလား။

မျက်နှာကြီးကလည်း တင်းပြီး ထန်နေတာပဲ၊ ငါ့ကိုကြည့်တဲ့ အကြည့်ထဲမှာ ဘာလို့ မုန်းတီးစက်ဆုပ်သည့်အကြည့်တွေ ပါနေပါလိမ့်။

ဒေါ်မာလာထံသို့ ပြန်လာခဲ့သည် ။

"မနက်ဖြန်ကျရင် စမ်းသပ်တော့မယ်၊ ခွဲရမှာ စိတ်ညစ်လိုက်တာကွယ်"

ဒေါ်မာလာက ညည်းညည်းညူညူနှင့် ပြောသည် ။ စာနာစိတ်နှင့် ဒေါ်မာလာအား ကရုဏာသက်မိသည် ။

"ခွဲရရင် တစ်ပတ် ဆယ်ရက်လောက်ပဲ ဒုက္ခခံရတာပါ၊ ပြီးတော့.. ကောင်းသွားပြီး ခုလို ဝေဒနာ မခံစားရတော့ဘူးပေါ့"

"အင်းလေ...ဟုတ်ပါတယ်၊ ဒေါက်တာ သက်နိုင်ဦးက အခွဲအစိတ် သိပ်တော်တယ်လို့ နာမည်ကြီးနေတာကွယ့်"

"ဟုတ်ကဲ့"

ဒေါ်မာလာသည် ဒေါက်တာ သက်နိုင်ဦးကို သိပ်ပြီး အထင်ကြီးလေးစားနေသည် ဆိုတာကို ချစ်မိုးဆွေ သိလိုက်ရသည် ။

"လူပျိုကြီးလို့ ကြားတာပဲ၊ လူနာမိန်းမက လွဲရင် တခြားမိန်းမတွေနဲ့ ပဲ သိပ်ကို ကင်းကင်းရှင်းရှင်း ရှိတာလဲ သတင်းကြီးတယ်လေ"

ဘာကြောင့်များ မိန်းမတွေနှင့် ကင်းကင်းရှင်းရှင်းရှိသည် ကို ချစ်မိုးဆွေ စဉ်းစား၍ မရပါ။ တစ်ခုတော့ သေသေချာချာ စွပ်စွဲလိုက်သည် ။

"မိန်းမတစ်ယောက်ကြောင့် အသည်းကွဲခဲ့ဖူးလို့ နေမှာ ပေါ့"

စိတ်ထဲမှ မည္ဟာမတာပင် ကောက်ချက်ချရင်း ဒေါ်မာလာပြောနေသော စကားများကို ပြန်၍ အာရုံစိုက်လိုက်သည် ။

"မြစန္ဒာ ကိုယ်ပိုင်ဆေးရုံကြီးမှာ သူက ရှယ်ယာဝင်တစ်ယောက်လေ၊ သိပ်ချမ်းသာသလို သိပ်လဲတော်တယ်၊ သူ့ရဲ့ ဆေးရုံမှာ အန်တီ မာလာ

ကို တင်ပြီး ခွဲစိတ်ကုသမှာ လေ၊ ဒါကြောင့် လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ဖို့ မနက်ဖြန်ဆေးရုံကို လာခိုင်းတာပေါ့"

ဒေါက်တာ သက်နိုင်ဦးရဲ့ ချမ်းသာကြွယ်ဝမှုကိုရော ကျွမ်းကျင်သော အရည်အချင်းကိုပါ ချစ်မိုးဆွေ ကြားလိုက်ရသည် ။

ဒေါ်မာလာအား ညစာ နို့ကိုသာ ခွင့်ပြုသည့်အတွက် ဆေးနှင့်နို့ကို ချစ်မိုးဆွေက ပြင်ဆင်တိုက်ကျွေးသည် ။

"နေပါဦးကွယ်၊ မင်းရဲ့ နာမည်က သိပ်ရှားပါတယ်၊ ဘာလို့ ချစ်မိုးဆွေလို့ ခေါ်တာလဲ"

"မေမေက ချစ်မိုးကို သိပ်ချစ်လွန်းလို့ စွေတဲ့ မိုးနဲ့ နှိုင်းယှဉ်ပြီး ပေးထားတာပါ၊ မိုးစွေရင် တော်တော်နဲ့ မတိတ်ဘူး မဟုတ်လား၊ ဒီလိုပဲ သူ့အချစ်တွေ ချစ်မိုးပေါ်မှာ မတိတ်တမ်း ရွာနေမှာ ကို သိစေချင်လို့ "

"အင်း ချစ်မိုးရဲ့ အမေက သိပ်စိတ်ကူးယဉ်တတ်ပုံရတယ်၊ ခုရော ဘယ်မှာ လဲ"

"မေမေ ဆုံးသွားပါပြီ"

မိခင်ရဲ့ အကြောင်းကိုမေးမှ သတိရပြီး ပို၍ လွမ်းဆွေးတသမိသည် ။ ညှိုးငယ်သွားသော ချစ်မိုးဆွေရဲ့ မျက်နှာကို ကြည့်ပြီး ဒေါ်မာလာက တောင်းပန်သည် ။

"အိုကွယ်...မသိလို့ မေးမိတာ စိတ်မဆိုးပါနဲ့ "

"ချစ်မိုး စိတ်မဆိုးပါဘူး၊ မေမေ့ကို သွားပြီး သတိရလို့ ပါ"

"ဆုံးသွားတာ ကြာပြီလား"

"တစ်နှစ်မပြည့်သေးပါဘူး"

"ဖြစ်ရလေကွယ်၊ အန်တီ စိတ်မကောင်းပါဘူး...

"မှောင်နေပြီ ချစ်မိုး၊ ထမင်းသွားစားလေ"

"ဟုတ်ကဲ့"

ဒေါ်မွေးက ချစ်မိုးဆွေကို ထမင်းခူးခပ်ကျွေးသည် ။ ချစ်မိုးဆွေက ဒေါ်မွေးနှင့်အတူ ထမင်းစားလိုက်သည် ။

"ဒေါ်မာလာ မစားတော့ ဟင်းကို ပြီးစလွယ်ပဲ ချက်လိုက်တယ်ကွယ်၊ နောက်နေ့ ကောင်းကောင်း ချက်ပေးမယ်"

ဒေါ်မွေးရဲ့ ပြီးစလွယ်ဟင်းများက သူမအိမ်မှာ စားခဲ့သော ဟင်းများ ထက် အဆပေါင်းများ စွာ သာနေပြီ။

"ဟင်းတွေက အများကြီးပဲ၊ ကောင်းလဲ ကောင်းပါတယ်၊ ချစ်မိုး ဘယ်လိုဖြစ်ဖြစ် စားတတ်ပါတယ် ဒေါ်မွေး၊ နောက်နေ့ အထွေအထူး ပိုမချက်ပါနဲ့ နော်"

အားပါးတရ စားနေသော ချစ်မိုးဆွေကို ကြည့်ပြီး ဒေါ်မွေးက သဘောကျနေသည် ။

"ချစ်မိုးက ဘာနဲ့ ဖြစ်ဖြစ် စားတတ်ပါတယ် ဒေါ်မွေးရယ်"

ချစ်မိုးဆွေကို ကြင်နာသော မျက်ဝန်းများ နှင့် ဒေါ်မွေးက ကြည့်နေသည် ။ ထမင်းစားသောက်ပြီး ဒေါ်မာလာရဲ့ အခန်းသို့ ချစ်မိုးဆွေ ပြန်လာခဲ့သည် ။

"ဒီနေ့ စောစောအိပ်ရာဝင်မယ်"

"ကောင်းပါတယ် အန်တီမာလာ၊ အိပ်တော့ အားပြည့်တာပေါ့၊ ဆယ်နာရီနောက်ပိုင်း ဘာမှ မသောက်ရတော့ဘူးဆိုတော့ အိပ်နေတော့ မ

ဆာဘူးပေါ့"

"ဗိုက်ထဲက အရမ်းနာမှာ ပဲ ကြောက်တယ်၊ ဆာတော့ မဆာဘူး"

"အနာပျောက်ဆေး သောက်ထားတာ နာမှာ မဟုတ်ပါဘူး အန်တီ မာလာရယ်"

ဒေါ်မာလာက စကားပြောနူးညံ့သိမ်မွေ့သလို လူနာကို ကြင်နာယုယ စွာ ကိုင်တွယ်တတ်သော ချစ်မိုးဆွေကို သဘောကျနေသည် ။

"အန်တီမာလာ စိတ်ချလက်ချ အိပ်ပါ၊ ချစ်မိုး အနားမှာ စောင့်ပေးပါ့ မယ်"

"မဟုတ်တာကွယ်၊ အခန်းပြန်အိပ်ပါ၊ လိုရင် ဒီခုတင်ဘေးမှာ ဘဲလ် ရှိတာပဲ၊ တီးလိုက်မှာ ပေါ့"

ဒေါ်မာလာရဲ့ ကိုယ်ပေါ်သို့ စောင်ခြုံပေးခဲ့ပြီး နေသားတကျ ပြင်ဆင်ပြီးမှ ဒေါ်မာလာရဲ့ အခန်းမှ ထွက်ခဲ့သည် ။

မနက်က အစောကြီး ထရသည် ကိုရော ကားစီးရတာကိုပါ ညောင်း နေပြီမို့ ခုတင်ပေါ်တွင် လှဲလိုက်သည် ။ ဦးကျော်သောင်းတစ်ယောက် ဘ ယ်လိုများ ရှိနေမည်လဲဆိုသော အတွေးကိုတွေးရင်းက အိပ်ပျော်သွားသ ည် ။

******

အိပ်ရာ စောစောထတတ်သော အကျင့်အတိုင်း ချစ်မိုးဆွေက အိပ် ရာမှ စောစောနိုးသည် ။ မျက်နှာသစ်ရင်း ရေပါတစ်ခါတည်း ချိုး၍ ပြင် ဆင်လိုက်သည် ။

ဒေါ်မာလာရဲ့ အခန်းသို့ရောက်တော့ ဒေါ်မာလာက အိပ်ရာမှ ပင်မနိုးသေး။ စောသေး၍ မနှိုးသေးဘဲ ထိုင်၍ စောင့်နေသည် ။

ငါးနာရီခွဲပြီးပြီ။ ဒေါ်မာလာကို နှိုးမှ ဖြစ်တော့မည်ကို စိတ်ကူးနေစဉ် ဒေါ်မာလာ အိပ်ရာမှ နိုးသည် ။

"ဟင်...ချစ်မိုးက ပြင်ဆင်ပြီးနေပြီကိုး"

"ဟုတ်ကဲ့...ဆရာကြီးက ခုနစ်နာရီအရောက် ဆေးရုံကို လာခိုင်းထားတယ် မဟုတ်လား"

"ဒါဆို..အန်တီ မာလာကိုလဲ မျက်နှာသစ်ပြီး ပြင်ဆင်ပေးပါဦး"

"ဟုတ်ကဲ့ပါ"

ဒေါ်မာလာအား မျက်နှာသစ်ပြီး အဝတ်အစားလဲ၍ ပြင်ဆင်ပေးသည် ။ ခြောက်နာရီ ဆယ့်ငါးမိနစ်လောက်တွင် အိမ်မှ ထွက်ခဲ့ကြသည် ။

မြစန္ဒာဆေးရုံသို့ ရောက်ခဲ့ပါပြီ။ ကိုယ်ပိုင်ဆေးရုံလေးတစ်ခုပါပဲ။ ငွေကြေး တတ်နိုင်သူတွေသာ ကုသနိုင်သည့် ဆေးရုံဆိုတာ မြင်လိုက်သည်နှင့် ချစ်မိုးဆွေက သိလိုက်သည် ။

သက်နိုင်ဦး ညွှန်ကြားထားသောနေရာသို့ ဒေါ်မာလာအား ချစ်မိုးဆွေက ခေါ်သွားသည် ။ ခုနစ်နာရီ ထိုးခါနီးတွင် သက်နိုင်ဦး ရောက်လာသည် ။

ဒေါ်မာလာအား စစ်ဆေးမှုများကို စတင်စမ်းသပ်ပါသည် ။ လည်ချောင်းထဲသို့ မှန်ပြောင်းထည့်ပြီး အစာအိမ်ကို ကြည့်သည် ။

သွေးဖောက်စစ်သည် ။ ဓာတ်မှန်ရိုက်သည် ။ လိုအပ်ချက်များကို ပြုလုပ်စစ်ဆေးခြင်း ပြီးဆုံးတော့ ဒေါ်မာလာ တော်တော်လေး

ပင်ပန်းနေပြီ။

"လည်ချောင်းက နာနေတယ် ဒေါက်တာ"

"စောစောက ထုံဆေးပြေသွားလို့ ပါ၊ ခဏနေရင် သက်သာသွားမှာ ပါ"

"ကျွန်မ အိမ်ပြန်ပြီး နားလို့ ရပြီလား"

"ရပါပြီ ဒေါ်မာလာ၊ ညနေကျရင် အိမ်ကိုတစ်ခေါက် ကျွန်တော်လာကြည့်ပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

ချစ်မိုးဆွေကို လုံးဝ အဖက်လုပ်ပြီး စကားပြောဖော်မရပါ။ သက်နိုင်ဦးကို သိပ်ပြီး ဘဝင်မြင့်သော သူတစ်ယောက်အဖြစ် ချစ်မိုးဆွေက သတ်မှတ်လိုက်သည် ။

******